
နွေရွက်လွှာ
ဆည်းလည်းရှိုက်သံ

"ဆည်းလည်း ရှိုက်သံ"(စ /ဆုံး )

ကျွန်မတို့မိသားစု နယ်မြို့လေး တစ်မြို့ကို တာဝန်နှင့်ပြောင်းလာခြင်း ဖြစ်သည်။ စိမ်းစိုနေသော ပတ်ဝန်းကျင်ဒေသကို ခုတ်မောင်းနေသော အမြန်ရထားအပေါ်မှကြည့်ရင်း ရင်ထဲ ဆို့နင့်လာသည်။ အမျိုးသားက မီးရထားမှ အစိုးရဝန်ထမ်း။ ကျောင်းဆရာမဖြစ်တဲ့ ကျွန်မလည်း အမျိုးသား တာဝန်ကျရာ မြို့လေးသို့ ပြောင်းရွှေ့ခွင့်လျှောက်ကာ လိုက်လာခဲ့ခြင်းဖြစ်သည်။ မောင်နှင့်ကျွန်မ တစ်နေရာစီ ဝေးနေလို့မဖြစ်။ ရင်ခွင်ထဲမှာ အရုပ်လေးဖက်ကာ အိပ်ပျော်နေသော သမီးလေးကို ကြည့်ပြီး အနာဂတ် အစီအစဉ်တွေကို စိတ်ကူးနှင့်ပုံဖော်နေမိသည်။

ကျွန်မဘဝမှာ သမီးနှင့်မောင်ရှိနေလျှင် အရာအားလုံး ပြီးပြည့်စုံနေပြီ ဖြစ်သည်။

ကျွန်မတို့တာဝန်ကျရာ မြို့လေးရောက်သည်နှင့် အစိုးရက ပေးအပ်သော ဝန်ထမ်းလိုင်းခန်းမှာ ပစ္စည်းတွေကို နေရာတကျ စီစဉ်နေမိသည်။ ရောက်ရောက်ချင်း အလုပ်ပြီးအောင် လုပ်နေ၍ အတော်အသင့် မိုးချုပ်နေပြီ ဖြစ်သည်။ မောင်က တာဝန်ကျရာ မြို့သို့ ရောက်ရှိပြီဖြစ်ကြောင်း ရုံးခန်းသို့ သတင်းသွားပို့လျှင် ကျွန်မနှင့်သမီး နှစ်ယောက်တည်း အိမ်မှာကျန်ခဲ့သည်။ ကြောက်စရာ မရှိပေမဲ့ ပတ်ဝန်းကျင် နေရာသစ်တစ်ခုက ကျွန်မကို စိတ်ချောက်ချားသလို ဖြစ်စေသည်။ တိုက်ခန်းက အတော်အသင့်လေး ကျယ်သည်။ အိပ်ခန်း ၃ခန်း၊ ဧည့်ခန်း၊ မီးဖို၊ အိမ်သာ ရေချိုးခန်းနှင့် သပ်သပ်ရပ်ရပ်ရှိသည်။ သမီးလေးအတွက် အခန်းကို ပြင်ဆင်ပြီး ဧည့်ခန်းထဲ ထွက်လာ

ခဲ့လျှင်...

"မေမေ။ ဒါ မီးမီးတို့ အိမ်လား..."တဲ့။

တစ်နေကုန် မနားတမ်း ဆော့၊ အခန်းတွေ တစ်ခန်းပြီးတစ်ခန်းဝင်ကာ ပြေးလွှားပြီး စပ်စုနေသော သမီးကို ကြည့်ပြီး ကျွန်မ ပြုံးမိလိုက်သည်။

"အင်းပေါ့ သမီးရဲ့။ မေမေတို့က ဒီအိမ်မှာနေကြမှာ..."

"ဒါကရော မီးမီး အခန်းလား..."

ဆိုကာ သမီးက သူ့အတွက် ပြင်ဆင်ထားသော အခန်းက ခုတင်ပေါ် တက်ခုန်နေလျှင် ကျွန်မ သဘောကျစွာ ရယ်လိုက်မိသည်။

"မေ့သမီးလေး သဘောကျရဲ့လား..."

ဆိုလျှင် သမီးက ပျော်ရွှင်စွာပင် ခေါင်းညိတ်ပြီး အိပ်ရာပေါ်လှဲကာ မျက်လုံးလေးတွေ မှိတ်လိုက်သည်။

" မီးမီးလေး ပင်ပန်းသွားပြီ။ အိပ်တော့မယ်..." တဲ့။

အင်းပေါ့...။ တစ်နေကုန် အိမ်ရှင်း ပစ္စည်းတွေ နေရာချကာ အလုပ်များနေသော မောင်နဲ့ ကျွန်မကို လိုက်နှောင့်ယှက်နေရတာ သမီးလေး ပင်ပန်းပြီပေါ့။ မျက်တောင်ကော့ ရှည်ရှည်လေးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး အိပ်ချင်ယောင်ဆောင်နေသော သမီးလေးကို ကြည့်ရင်း ... အူတွေယားလာသည်။ သမီးရဲ့ပါးမို့မို့လေး နှစ်ဖက်ကို အသာဆွဲဖဲ့လိုက်ပြီး နှစ်ခြိုက်စွာ နမ်းလိုက်သည်။ ချစ်လိုက်တာ သမီးရေ...။ မေမေ့ရဲ့ဘဝက သမီးလေးပါနော်...။ သမီးလေးမရှိတော့ရင် ကျွန်မရဲ့ ကမ္ဘာကြီး ပျက်စီးသွားမလား မပြောတတ်။ အသက်နဲ့ရင်းပြီး ချစ်ပါတယ် သမီးရေ...။

***

ကျွန်မ သမီးလေးကိုသိပ်ပြီး ရေချိုးအဝတ်စားလဲကာ အိပ်ရာထဲ ဝင်ခဲ့

သည်။ အချိန် ဘယ်လောက်ကြာသွားလဲ မပြောတတ်။

"××××"

ညော့ခန်းထဲမှ အသံတချို့ကြောင့် ကျွန်မမျက်လုံးတွေ ပွင့်လာခဲ့သည်။ နာရီကိုကြည့်တော့ ၁၂ထိုးနေပြီ ဖြစ်သည်။ မောင်အခုထိ ပြန်မလာသေး...။ ညော့ခန်းဘက် ထွက်လာတော့ tvက အတိုင်းသား ပွင့်နေသည်။ သမီး တစ်ရေးနိုးပြီး ကာတွန်းကား ဖွင့်ထားသလားတွေးကာ ခလုတ်တွေ ပိတ်ပစ်လိုက်သည်။ ထိုအခါ... ငိုသံလိုလို မပီမသ အသံခပ်တိုးတိုး အသံလေးကို ကြားလိုက်ရလျှင် ကြက်သီးတွေ ဖြန်းခနဲ ထလာသည်။ ဒါ ... ဘာအသံလဲ...။

"မြူး တံခါးဖွင့်ပေးဦး။ မောင် ပြန်လာပြီ..."

ကျွန်မ ချက်ချင်းဆိုသလို အတွေးတွေ ဖျက်ကာ မောင့်ကို တံခါး ဖွင့်ပေးလိုက်သည်။

"နောက်ကျလိုက်တာ မောင်ရယ်..."

"ဟုတ်တယ် မြူးရဲ့။ သင်တန်းတုန်းက စီနီယာတွေနဲ့တွေ့လို့ စကားလက်ဆုံကျနေတာ။ သမီးရော ... အိပ်နေပြီလား..."

"အင်း အိပ်နေပြီ"

မောင်နဲ့ကျွန်မ စကား ဆက်မပြောဖြစ်တော့။ ရောက်ရောက်ချင်း tvဖွင့်ကာ ဘောလုံးပွဲ ကြည့်ဖို့ပြင်နေသော မောင့်ကိုညစာပြင်ပေးပြီး အိပ်ရာထဲ ပြန်ဝင်ခဲ့သည်။ စိတ်နဲ့ကိုယ်ပဲ မကပ်သလို။ ဒီအိမ်ထဲမှာ နေရတာ မလုံခြုံသလို ခံစားနေမိသည်။ ကျွန်မ အတွေးတွေပဲ ရောက်တက်ရာရာ တွေးနေလို့လား မပြောတတ်။ အိပ်ပျော်ဖို့ မျက်လုံးတွေကိုသာ မှိတ်ထားမိတော့သည်။ ကျွန်မ စိတ်ထင်လို့ပဲ ဖြစ်မှာပါလေ...။ ထူးဆန်းသည့်ဖြစ်ရပ်

တစ်ခု ဖြစ်ခဲ့လေသလား ... အိပ်မက်ပဲ မက်လေသလား စဉ်းစားလို့မရ။ ကျွန်မ နိုးတစ်ဝက် အိပ်တစ်ဝက် ရှိနေချိန် နား နားလေး ကပ်ကာ တိုးတိုးလေး ခေါ်လိုက်တဲ့အသံ ကြားလိုက်ရသည်...။ ဟုတ်တယ်...။ ကျွန်မ သေသေချာချာကို ကြားလိုက်ရခြင်း ဖြစ်သည်...။ တစ်စုံတစ်ယောက် ကျွန်မကို လေးနက်စွာ ခေါ်လိုက်တဲ့အသံ...။

"မေမေ..." တဲ့...။

အထီးကျန်တဲ့ခံစားချက်မျိုး...။ တိုးဖျော့ ညင်သာလွန်းသည်။ သမီးလေးရဲ့ အသံတော့ မဟုတ်။ ရတ်တရက် ဝမ်းနည်းကာ ငိုချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာသည်။ သမီးလေး မဟုတ်တဲ့ ကလေးတစ်ယောက်ရဲ့အသံ။ အဲဒီကလေးက... ဘယ်သူလဲ ...။ ဘာလို့ ကျွန်မကို မေမေလို့ ဝမ်းနည်းစွာ ခေါ်ရတာလဲ...။ ဒါ... ဒါဆို... ဒီအိမ်မှာ ကျွန်မရယ် မောင်ရယ် သမီးလေးအပြင် တခြား တစ်စုံတစ်ယောက် ရှိနေခဲ့တာလား...။ ဘုရားရေ... မကောင်းတဲ့ အရာတွေ ဖြစ်မလာပါစေနဲ့...။

***